# အသရေဖျက်မှုမှ ရှောင်တိမ်းစာရေးနည်း

နှင့်

## အခြား စာရေးနည်းအမျိုးမျိုး



ဒေါက်တာထွန်းဝင်း

# စာရေးသူအမှာစာ

စာပေရေးသားခြင်းနည်းများဆိုသည်မှာ ထောင်သောင်း မကရှိနိုင်ပါတယ်။ သို့သော် ခြောက်ပြစ်ကင်း သဲလဲစင် ဖြစ်တဲ့ ရေးသားနည်းကတော့ မရှိနိုင်ပါ။ ရေးနည်းတိုင်းမှာတော့ အားနည်း ချက်၊ အားသာချက်ဆိုတာရှိပါတယ်။

ဘယ်သူဘဲရေးရေး၊ ဘယ်လိုနည်းနဲ့ဘဲရေးရေး ရည်ရွယ် ချက်ကောင်းကောင်း၊ စေတနာမှန်မှန်နဲ့ ရေးသားတဲ့စာပေမှန်သမျှဟာ စာကောင်းပေကောင်းဖြစ်တယ်လို့ဆိုချင်ပါကြောင်း။

ဒေါက်တာထွန်းဝင်း

***

# ၁။ ယုံကြည်ချက်အတိုင်းရေးသားခြင်းနှင့် ယုံကြည်ချက်မရှိရေးသားခြင်း

# (HOT News, 2 March 12 မှ ကောက်နှုတ်ချက်)

ယုံကြည်ချက်ကြောင့် ပြဿနာတက်ကြသူများ

သိပ္ပံပညာရှင်ကြီးချားလ်ဒါဝင်သည် လူသားမျိုးနွယ်တို့သည် မျောက်ကဆင်းသက်သည်ဟု သူ၏ယုံကြည်ချက်အတိုင်း ထုတ်ဖော်ရာ လူတွေကို မျောက်ကဆင်းသက်သည်ဟုရေးရပါမည်လားဟုဆိုကာ ပြဿနာပေါ်ဘူး၏။ လွန်ခဲ့သောနှစ် ၄၀၀ ခန့်က သိပ္ပံပညာရှင်ကြီး တစ်ဦးသည် သူ၏ယုံကြည်ချက်အတိုင်း ကမ္ဘာကြီးကို လုံးတယ်ဟုရေး ၍ ပြဿနာတက်ဖူး၏။ နောက်တော့ ကမ္ဘာဟာ လုံးနေကြောင်းလူတွေ လက်ခံကြပါသည်။

လေးစားစရာကောင်းသော စာရေးဆရာကြီးတစ်ဦး

ယခုအခါ စာရေးဆရာကိုကိုမောင်ကြီးအား ဂျာနယ်တစ်စောင် က အင်တာဗျူးရာ ဘဘကြီးက ဆိုရှယ်လစ်စနစ်ကိုယုံသလားဟုမေးရာ၊ ယုံတယ်ဟုဖြေ၏။ ယခုအခါ ဆိုရှယ်လစ်စနစ်နှင့်တိုင်းပြည်မချမ်းသာ၍ ဆိုရှယ်လစ်စနစ်ဦးမဆောင်တော့သော်လည်း စာရေးဆရာကြီးကိုကို မောင်ကြီးက ဘက်မပြောင်းပါ။ ယုံကြည်ချက်အတိုင်း ရပ်တည်သည်မှာ လေးစားထိုက်ပါသည်။

ဟိုဟာယုံ၊ ဒီဟာယုံ၊ ဟိုခုန်၊ ဒီခုန်သမားများ

မြန်မာဘုရင်လက်ထက်က အချို့အရာရှိများသည် သီပေါမင်း ၏ဘုန်းလက်ရုံးကို ယုံကြည်ခစားသည်။ သီပေါမင်းပါတော်မူ၍ အကျဉ်းသားဖြစ်သွားသောအခါ ဝိတိုရိယဘုရင်မကြီးနှင့် ဘုရင်ခံတို့၏ ဘုန်းတန်ခိုးကို ယုံကြည်ကြပြီး အင်္ဂလိပ်အရာရှိများထံ

မျက်နှာချိုနေသွား ကြပါ၏။ ဒါကို စာရေးဆရာကြီးအချုပ်တန်းဆရာဖေက မျက်စိနောက် ၍ ဒီလိုစာဖွဲ့၏။

''ပလူးရပြေးကြို့ခါခါ၊ ခွေးသို့ပမာ''ဟုစာဖွဲ့၏။ အင်္ဂလိပ် အာဏာရှိ သူတွေထံ သွားရောက်အောက်ကြို့ပြီး ခွေးကဲ့သို့ပလူးကြသူ တွေရှိသည်ဟု အချုပ်တန်းဆရာဖေက ဆို၏။

ဒီလိုလူမျိုးတွေက ယုံကြည်ချက်မရှိ မရိုးမသား မိမိတစ်ကိုယ် ကောင်းစိတ်သာမွေး၏။ ယခုအခါကျွန်တော်တို့မြန်မာနိုင်ငံကြီးသည် ၂၀၁၁ ၌ပါတီစုံ လွှတ်တော်ကြီးကိုကျင်းပပါပြီ။ မယုံချင်ပါတဲ့ပါတီကို မယုံလို့လည်းရပါတယ်။ ယုံယုံ၊ မယုံယုံရှိသားဖို့တော့လိုမည်ထင်ပါ၏။ နိုင်ငံရေးသမားတို့သည် ဘက်ပြောင်းပါကသာလို့ ကူးသွားတာထက် မှန်တယ်ထင်လို့ပြောင်း သွားတာသာဖြစ်သင့်ပါ၏။

ဗန်းမော်ဆရာတော်ဘုရားကြီးသည် ယုံကြည်ချက်အတိုင်း ရပ်တည်သူဖြစ်သည်။ သီပေါမင်းလက်ထက်က အရာရှိအချို့သည် သီပေါမင်းနန်းကျပြီးနောက် အင်္ဂလိပ်ထံသွား၍ ပလူးရ ပြေးကြို့ခါခါခွေးသို့ ပမာ လုပ်တာတော့ သူတို့မှာ ခိုင်မာ ယုံကြည်ချက် မရှိပါ။

ယုံကြည်ချက်ခြင်း မတူသော်လည်း ရိုးသားယုံကြည်ချက် မတူသူများ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ပါသည်။ ဒါဆိုရင် နိုင်ငံတော်ကြီးပွားတိုးတက်မည်။

ယုံကြည်ချက် မရှိ ရေးသားခြင်းဆိုတာကတော့ မိမိအကျိုးစီးပွားကိုသာ ကြည့်၍ မိမိကိုပေးကမ်းထောက်ပံ့ကျွေးမည့် နိုင်ငံမည်သူကို မြှောက်ပင့်ဖော်လံဖားရေးသားခြင်းမျိုး ဖြစ်သည်။

***

# ၂။ မြှောက်ပင့်၍စာရေးနည်း

. (TRUE News,19 July 2011 ဆောင်းပါးမှ ကောက်နှုတ်ချက်)

ဘွဲ့တံဆိပ်နဲ့ မြေကွက်ရသော စာရေးဆရာ

ဗြိတိန်၌ ဝိတိုရိယဘုရင်မကြီး စိုးစံစဉ် မစ္စတာရိုက်တာဟာဂါတ် ဆိုသော စာရေးဆရာသည် ရှိ(SHE)ဟူသော လုံးချင်းဝတ္ထုကြီးကိုရေး ၏။ ဇာတ်ဝင်ခန်း၌ ဇာတ်လိုက်မင်းသားသည် လူရိုင်းတိုင်းပြည်သို့ ရောက်သွားရာနတ်သမီးတမျှလှပသော ဘုရင်မကိုတွေ့ရာ သူမ၏အလှ၌ မှင်တက်မိ၏။ ဇာတ်လိုက်မင်းသားကိုမှူးကြီး မတ်ကြီးတို့က ဘုရင်မ ရှေ့တော်၌ ဒူးထောက်ခိုင်း၏။ မင်းသားက သတ်ချင်သတ်လိုက်ပါ "သူမ"ရဲ့ရှေ့မှာ ဒူးမထောက်နိုင်ပါဟုဆို၏။ မှူးကြီးမတ်ကြီးများက ဘာကြောင့်လဲမေးရာဇာတ်လိုက်က ကျွန်ုပ်သည် ကျွန်ုပ်နိုင်ငံတော်က ဝိတိုရိယဘုရင်မကြီး ရှေ့မှောက်ကလွဲ၍ ဘယ်သူ့ကိုမှ ဒူးမထောက်ဟု ဖြေသောဇာတ်ဝင်ခန်းပါ၏။ ထိုဝတ္ထုထွက်လာသောအခါ ဝိတိုရိယ ဘုရင်မကြီးကဖတ်ပြီး အထူးသဘောကျကာ စာရေးဆရာအား(ဆာ) (SIR) ဘွဲ့တံဆိပ်နှင့် မြေဧကပေါင်းများစွာချီးမြှင့်တော်မူသည်။ ထိုကြောင့် စာရှုသူများ စဉ်းစားကြည့်ပါ။ ဗန်းမော်ဆရာတော်သည် ယုံကြည်ချက် အတိုင်းရေး၍ နယ်နှင်ခံရ၏။ ယောမင်းကြီးသည် ယုံကြည်ချက်အတိုင်း ရေး၍အလုပ်ပြုတ်၏။ မစ္စတာ ရိုက်ဒါဟာဂါတ်က မြှောက်ပင့်ရေး၍ ဘွဲ့တံဆိပ်နှင့်မြေကွက်ရပါသည်။ ဘယ်စာရေးဆရာက အနာခံတာလဲ။ ဘယ်စာရေးဆရာက အသာစံတာလဲဆိုတာ စာရှုသူတို့စဉ်းစားရန် တာဝန်ရှိပါ၏။ မီဒီယာတို့၊ ကဗျာဆရာတို့၊ စာရေးဆရာတို့တာဝန် ကျေမကျေဆိုသည်မှာ မီဒီယာစာရေးသူတို့က မိမိတို့ကိုယ်ကိုယ်မိမိ အကဲဖြတ်ရန် မဟုတ်ဘဲ စာရှုသူတွေကသာ အကဲဖြတ်စဉ်းစားသင့်၏။

စာရှုသူတို့၏ စဉ်းစားခြင်းသည် မီဒီယာနှင့်စာပေလောက ဖွံ့ဖြိုးခြင်းပင် ဖြစ်သည်ဟု ဆိုချင်ပါကြောင်း။

***

# ၃။ အပြည့်သဘောထောက်ပြ၍ စာရေးနည်း
# (TRUE News,19 July 2011 ဆောင်းပါးမှ ကောက်နှုတ်ချက်)

မင်းတုန်းမင်းကြီးလက်ထက်က တာဝန်ကျေခဲ့သောကဗျာ ဆရာကြီးတစ်ဦး

မင်းတုန်းမင်းစိုးစံစဉ် မင်းတုန်းမင်းကြီးနှင့် အစ်မလည်းတော် စပ်ပြီး မင်းတုန်းမင်းကြီးက "အစ်မတော်"ဟုခေါ်ရသော မိဖုရားခေါင်ကြီး သည် နာမကျန်းဖြစ်တော်မူရာ မင်းတုန်းမင်းကြီးက မိဖုရားခေါင်ကြီး ၏ အဆောင်နန်းတော်သို့သွား၍ သတင်းမေးသည်မှာ ဤသို့ဖြစ်၏။ မင်းတုန်းမင်းကြီး ။ ဝေဒနာသက်သာတော်မူပါရဲ့လားအစ်မတော်။ မိဖုရားကြီး။ မှန်လှပါ မောင်တော်ဘုရား။ ဝေဒနာကသက်သာချင်ပါ သော်လည်း စက်တော်ခေါ်လို့မရ၍ သက်သာသင့်သလောက် မသက်သာကြောင်းပါ။ မင်းတုန်းမင်းကြီး။ အဘယ့်အတွက်ကြောင့် စက်တော်ခေါ်လို့မရ ဖြစ်ရတာလဲ အစ်မတော်။ မိဖုရားကြီး။ ။ မှန်လှပါ။ နန်းတော်အနီးတဝိုက်၌ ခွေးလေ၊ ခွေးလွင့်တို့၏ အူသံ၊ ဟောင်သံတို့ကြောင့် ကောင်းစွာ စက်တော်ခေါ် မရကြောင်းပါ။

မင်းတုန်းမင်းကြီး ။ ။အလို။ တယ်ခက်ပေသကိုး။ ဒီခွေးတွေကို သတ်ပစ်ရင်လည်း ငရဲကြီးဦးမယ်။ ဒီတော့ ခွေးတွေလည်းမသေရ၊ အစ်မတော်လည်းကောင်းစွာ စက်တော်ခေါ်ရအောင်ခွေးတွေကိုဖမ်းပြီး ဧရာဝတီမြစ်ကိုဖြတ်၍ စစ်ကိုင်းဘက်ကိုပို့ခိုင်းလိုက်ပါမယ်။

မိဖုရား ။ ။ သင့်တော်သလိုပါစီစဉ်တော်မူပါမော်တော်ဘုရား။

သို့နှင့်မင်းတုန်းမင်းကြီး၏အမိန့်ဖြင့် မန္တလေးရှိခွေးတွေကိုဖမ်း ပြီး လှေများပေါ်၌တင်၍ စစ်ကိုင်းသို့ပို့ရာ ခွေးတွေအဖို့ကမ္ဘာပျက် သလိုဖြစ်တော့၏။ သားတစ်ကွဲ မယားတစ်ကွဲတွေဖြစ်ကုန်ကြပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ထိုခေတ်က ကဗျာဆရာကြီးတစ်ဦးဖြစ်သော ဗန်းမော်ဆရာတော်ဘုရားကြီးသည် ဘဝင်မကျပါ။

တကယ်တော့ ခွေးတွေကို စိတ်ဆင်းရဲအောင်လုပ်၍ မင်းတုန်းမင်းကြီး ငရဲကြီးမှာကို စိုးရိမ်တာပါ။ သို့သော် ဘုရင်ကိုသွား၍ဩဝါဒပေးလို့ကလည်းမရဖြစ် ရာ ဗန်းမော်ဆရာတော်ဘုရားကြီးသည် ကဗျာစပ်ခဲ့ပါ၏။ ကဗျာ၏ အဓိပ္ပာယ်ကတော့-

''မန္တလေးနေပြည်တော်တွင် ခွေးထီးဂုန္နီနှင့် ခွေးမလေးကျားမ တို့လင်မယားရှိသည်။ မင်းတုန်းမင်းကြီးက ခွေးတွေကိုဖမ်း၍ ဂုန္နီ သည် တစ်ဖက်ကမ်းရောက်ရ၏။ ကျားမက ပြေးရင်းလွှားရင်း မန္တလေး ၌ကျန်ခဲ့ရာ ကျားမခေါ် ခွေးမလေးအသည်းကွဲပါ၏။ အစရှိသောအဓိပ္ပါယ် ဖြင့် ပြောင်မြောက်သောကဗျာတစ်ပုဒ်စပ်ဆိုသည်။ ပေဖူးလွှာတွင် ကညစ်တံဖြင့်ကဗျာရေးခဲ့၏။ ကဗျာမိတ္တူများကို လက်ရေးမူဖြင့်မိတ္တူတွေပွားရာ စာမူခမှာအလကား မယ်တင်းဖြစ်ပြီး ကဗျာမိတ္တူလက်ရေး ကော်ပီများကို လူစည်းကားရာဈေး၊ ဥပုသ်သည်များသော ဘုန်းကြီး ကျောင်းရှေ့၊ နန်းတော်ရှေ့စသည်တို့တွင်သွားချထားခဲ့သည်။ ကောက် ရသူအချို့က ကဗျာကို မင်းတုန်းမင်းထံဆက်သ၍ မင်းတုန်းမင်းထံ ဆက်သ၍ မင်းတုန်းမင်းကြီးဖတ်ကြည့်ကာ စိတ်ဆိုးတော်မူ၏။သို့ပါ၍ ဗန်းမော်ဆရာတော်ကို မန္တလေး၌သီတင်းသုံးခွင့်ပိတ်ပင်ပြီး ဗန်းမော်သို့ ပို့လိုက်ပါ၏။ ဆရာတော်ဘုရားကြီးသည် ဗန်းမော်အရပ်၌ သုံးနှစ် သီတင်းသုံးပြီးနောက် ဘုရင်က စိတ်ဆိုးပြေ၍ မန္တလေးသို့ပြန်ပင့်ရာ ဆရာတော်က မန္တလေးသို့ မပြန်တော့ဘဲစစ်ကိုင်း၌နေ၏။

တစ်ဖန်ထိုခေတ်ကပင် ယောမင်းကြီးဦးဘိုးလှိုင်သည် ရာဇသင်္ဂဟကျမ်းကိုရေးသားထုတ်ဝေပါသည်။ ထိုကျမ်း၌ယောမင်းကြီး က အကြံပြုလဘောရေးသည်မှာ အသက်ဦးဆံပိုင်ဘုရင်စနစ်သည် ဒီမိုကရေစီစည်းမျဉ်းခံ ဘုရင်စနစ်သို့ပြောင်းလဲကျင့်သုံးသင့်ကြောင်း အကြံပြုရာ မင်းတုန်းမင်းတို့စိတ်ဆိုးပါ၏။ ယောမင်းကြီးဦးဘိုးလှိုင် အလုပ်ပြုတ်ပါ၏။ မင်းတုန်းမင်းသည် ဦးဘိုးလှိုင်ကိုစိတ်ဆိုးပြီးအလုပ် ဖြုတ်လိုက် စိတ်ပြေသည့်အခါ ပြန်ခန့်လိုက်နှင့်ခဏခဏဖြစ်ခဲ့ဖူးပါ၏။ မည်သို့ပင်ဆိုစေကာမူ အသက်ဦးဆံပိုင်ဘုရင်စနစ်မှ ဒီမိုကရေစီစည်းမျဉ်း ခံဘုရင်စံနစ်ကို ပြောင်းလဲကျင့်သုံးရန်ရေးသားခြင်းသည် စေတနာဖြင့် ထောက်ပြခြင်းသာဖြစ်၏။

နောက်ကျောကခါးနဲ့ထိုးတာမဟုတ်။ မင်းတုန်းမင်းကြီးအားလုပ်ကြံရန် ကြံစည်သူများမှာ ယောမင်းကြီး မဟုတ်ဘဲ သားတော်များဖြစ်သော မြင်ကွန်းမင်းသားနှင့် မြင်းခုန်တိုင်မင်းသားတို့သာလျှင်ဖြစ်ပါ၏။

***

## ၄။ ပြေးပေါက်ထား၍ စာရေးနည်း

## (TRUE News,19 July 2011 ဆောင်းပါးမှ ကောက်နုတ်ချက်)

ဗန်းမော်ဆရာတော်ကြီးက ထွတ်ခေါင်ဆရာတော်ကြီးအား ကဗျာရေး၍ထောက်ပြတော်မူပုံ

ဗန်းမော်ဆရာတော်ကြီးသည် စစ်ကိုင်းသို့ရောက်သောအခါ စစ်ကိုင်း၌ ထွက်ခေါင်ဆရာတော်ကြီး သီတင်းသုံးနေ၏။ ထွတ်ခေါင် ဆရာတော်သည် ဗန်းမော်ဆရာတော်ထက် "ဝါ" "အသက်" "ပညာ" ပိုကြီး၏။ မင်းတုန်းမင်းက အထူးကြည်ညို၏။ ထိုစဉ်ထွက်ခေါင် ဆရာတော်၏ကျောင်းဝင်းထဲဝယ် သီလရှင်ချောချောလေးများဇရပ် ဆောက်၍လာနေကြပြီး ထွက်ခေါင်ဆရာတော်ထံမှ စာပေကျမ်းဂန်သင် ခြင်း၊ ထွတ်ခေါင်ဆရာတော်ကို ဆွမ်းဟင်းချက်၍ ဆွမ်းကပ်ခြင်းစသ ဖြင့် ရင်းရင်းနှီးနှီးနေပါ၏။ ဒါကိုဗန်းမော်ဆရာတော်က မသင့်တော်ဘူး ထင်သော်လည်း မိမိထက်ဝါကြီးသူကိုဆုံးမ၍မဖြစ်ပါ။

ထိုကြောင့် ကဗျာစပ်ပုံကဒီလိုပါ

"စိန်ပုတီးရယ်နဲ့

ရိပ်ကြီးကိုခို

ဦးရွှေညိုသီလချောရယ်နဲ့ တောင်ခိုသည့်ချောင်''ဟုစပ်ဆိုခဲ့၏။ (မှတ်ချက်။ ဦးရွှေညိုဆိုသည်မှာ ထွတ်ခေါင်ဆရာတော်၏ ငယ်နာမည် ဖြစ်၏) ၎င်းကဗျာကို လက်ရေးမိတ္တူကူးတွပ်ပွားပြီး ထွတ်ခေါင်ဆရာတော် ၏ကျောင်းဝင်းထဲ၌ ဘုန်းကြီးကျောင်းသားတို့ကို သွားထားခိုင်း၏။ ထိုအခါကဗျာကို ထွတ်ခေါင်ဆရာတော်ကြီးဖတ်ကြည့်ပြီးစိတ်ဆိုးပါ၏။ သို့နှင့်ထွတ်ခေါင်ဆရာတော်သည် မိမိနှင့် သီလရှင်ချောချောများကို သမုတ်ရပါမည်လားဟု ဗန်းမော်ဆရာတော်ကိုခေါ်၍ရှင်းလင်းချက် တောင်းခံ၏။ ထိုအခါ ဗန်းမော်ဆရာတော်က လျှောက်ထားသည်မှာ-

''မှန်လှပါ၊ ဦးရွှေညိုသီလချောရယ်နဲ့ဟူသောစာပိုဒ်သည် ထွတ်ခေါင်ဆရာတော်နှင့် သီလရှင်ချောချောလေးများကိုသမုတ်တာ မဟုတ်ပါ။ ထွတ်ခေါင်ဆရာတော်ကြီး စောင့်ထိန်းသောသီလသိက္ခာပုဒ် သည် ချောမွတ်လှပါသည်ဟုဆိုလိုကြောင်းပါ''ဟုလျှောက်တင်၍ ခပ်မြန်မြန်ပြေးခဲ့ရပါ၏။

***

## ၅။ ယုံကြည်ချက်၏ ကြိုးဆွဲရာအတိုင်း စာရေးနည်း။
## (HOT News,21 July 2011 ဆောင်းပါးမှ ကောက်နှုတ်ချက်)

ယုံကြည်ချက်ခြင်းမတူညီလျှင် ကြိုးဆွဲရာကပါသည်

တကယ်တော့ ကျွန်တော်စာရေးဆရာ ဒေါက်တာထွန်းဝင်းကို ကြိုးဆွဲဖူးသူတစ်ချို့ကိုပြောပြရင် ပထမဆုံးကြိုးဆွဲသူမှာ ကျွန်တော်၏ တပည့်မျိုးမင်းဦးဆိုသူဖြစ်သည်။ ကျွန်တော်သည် Management သင်တန်းတစ်ခုဖွင့်ထားရာ မျိုးမင်းဦးသည် သင်တန်းသားဖြစ်ဖူး၏။ သူကကုမ္ပဏီတစ်ခု၏ ဒုတိယမန်နေဂျာဖြစ်ပြီး ကြိုးစားသူတစ်ယောက် ဖြစ်၏။ သူက တစ်နေ့တော့ပြောလာသည်မှာ

''ဆရာ Business Education ဆိုတဲ့ခေါင်းစဥ်နဲ့ ဆောင်းပါး တစ်ပုဒ်လောက်ရေးပါဦး''ဟုဆို၏။ ကျွန်တော်က ရေးတာပေါ့ကွာဟု ဆိုကာ HR ဂျာနယ်၌ရေးလိုက်၏။ သာမန်မျက်စိနဲ့ကြည့်ရင် မျိုးမင်းဦး က ကျွန်တော့်ကိုကြိုးဆွဲလိုက်တာပါ။ ဉာဏ်မျက်စိနဲ့ကြည့်ရင်ဒီလို မဟုတ်။ Business Education ဆိုသော ခေါင်းစဥ်သည် တိုင်းပြည် အတွက်အကျိုးရှိမည်ဟု မျိုးမင်းဦးက ယုံကြည်၏။ ကျွန်တော်ကလည်း ဒီအတိုင်းယုံ၏။ သို့ပါ၍ ကျွန်တော့်ကိုကြိုးဆွဲသူမှာ ကျွန်တော်၏ ယုံကြည်ချက်သာဖြစ်ပါ၏။

တစ်ဖန် HR ဂျာနယ် CEO ဦးသန်းစိုးက ပြောလာသည်မှာ ၂၀၁၁ အလွန် HR ကဏ္ဍ၏ အရေးပါပုံကိုရေးပေးပါဆိုရာရေးပေးခဲ့၏။ တကယ် HR ဂျာနယ်ထွက်လာတော့ HR ဂျာနယ်၌ ဆောင်းပါး (၁၀)ပုဒ်ခန့်သည် ခေါင်းစဥ်တစ်ခုတည်းကို စာရေးဆရာ ၁၀ ဦးလောက် က ဝိုင်းရေးထားပါ၏။ တစ်ဖန် အခွင့်အလမ်းဂျာနယ်၌ Countrolling (ထိန်းချုပ်ခြင်း)ဟူသောခေါင်းစဥ်ဖြင့် ဆောင်းပါးရေးပေးရန်ကျွန်တော့် ကိုဖိတ်ကြား၏။ ကျွန်တော်က စဉ်းစားတော့ Countrolling ဆိုသည်မှာ Management

ဘာသာရပ်ဆိုင်ရာခေါင်းစဉ်တစ်ခုပါ။ ဤခေါင်းစဉ်ကို ရေးသားခြင်းဖြင့် ပြည်သူအတွက်အကျိုးရှိမည်ဟု ယုံကြည်၍ရေးပေး လိုက်၏။ အမှန်တကယ်ဂျာနယ်ထွက်သောအခါ စာရေးဆရာ(၁၀)ဦး ခန့်က Countrolling ခေါင်းစဉ်တစ်ခုတည်းဖြင့် ဆောင်းပါး(၁၀)ပုဒ် ရေးခဲ့၏။ ကျွန်တော်သိလိုက်ရသည်ကတော့ စာရေးဆရာတို့၏ ကလောင်ကို ကြိုးဆွဲသူမှာ ၄င်းစာရေးဆရာတို့၏ ယုံကြည်ချက်သာ ဖြစ်ပါ၏။

ယုံကြည်ချက်အတိုင်းရေးသားတာက ရိုးသားမှုဖြစ်ပြီး ယုံကြည်ချက်ကသပ်သပ် ရေးတာကသပ်သပ်ဆိုလျှင်တော့လိမ်ညာ တာသာဖြစ်ပါ၏။ စာရေးဆရာတစ်ယောက်နဲ့တစ်ယောက် ယုံကြည်ချက် ချင်းတူချင်မှတူမည်။ အယ်ဒီတာနဲ့စာရေးသူလည်း ယုံကြည်ချက်ချင်း တူချင်မှတူမည်။ ဒီတော့ စာရေးဆရာတို့၏ ကွဲပြားခြားနားသော ဆောင်းပါးများစွာပေါ်ပေါက်နိုင်ပါ၏။ ထိုအခါစာဖတ်သူပရိသတ်က ဘယ်စာရေးဆရာကို ယုံရမှာလဲဟူသော ကိစ္စတစ်ရပ်သည် ဆွေးနွေး စရာဖြစ်လာပါ၏။ ဤနေရာ၌ မြတ်စွာဘုရားဟောကြားတော်မူသော ကာလမသုတ္တန်ဒေသနာပါ အကြောင်းအရာအချို့ကို တင်ပြရပါက ဘုရားကဟောသည်မှာ-

- သူတစ်ပါးပြောတိုင်းလည်း မယုံကြည်ရာ

- စာပေကျမ်းဂန်တို့၌ ရေးသားထားတိုင်းလည်း မယုံကြည်ရာ

- ပုဂ္ဂိုလ်သတ္တဝါတို့သည် မိမိ၏ဉာဏ်ပညာဖြင့် ဝေဖန်ပိုင်းခြား၍ အများအမှန်ကို မိမိဉာဏ်ဖြင့် ရှာဖွေပြီး မိမိကိုယ်မိမိသာယုံကြည် ရာ၏ဟု ဟောတော်မူ၏။

ထိုကြောင့် စာဖတ်ပရိသတ်သည် စာကိုဖတ်ကြည့်ပြီး စာရေးသူကို ယုံကြည်မလိုပါ။ စာကိုဖတ်ပြီး ဉာဏ်ဖြင့်ဆင်ခြင်ပါ။ ဒီစာရေးဆရာဟာ ဘယ်လိုလူလဲ၊ ကြိုးဆွဲရာကတဲ့လူလား၊ မြှောက်ပင့် တတ်သူလား၊ မကောင်းစိတ်ဖြင့် တိုက်ခိုက်သူလား၊ စေတနာဖြင့် ထောက်ပြသူလား စသဖြင့် တွေးကြည့်ပြီး မိမိ၏ အတွေးကိုသာ မိမိယုံကြည်ဖို့လိုပါသည်။

သို့ပါ၍ အချုပ်အားဖြင့် ဆိုရပါသော် စာရေးဆရာကိုကြိုးဆွဲ သူမှာ မမလည်းမဟုတ်၊ ညီမလေးလည်းမဟုတ်၊ အန်တီမဟုတ်သလို သမီးလည်းမဟုတ်ပါ။ စာရေးဆရာကိုကြိုးဆွဲသူမှာ စာရေးဆရာ၏ ယုံကြည်ချက်ပဲဖြစ်ပါ၏။ စာဖတ်သူတို့ကလည်း စာရေးသူကိုမယုံကြည် ဘဲ မိမိ၏အတွေးကိုသာ မိမိယုံသင့်၏။

စာရှုသူအပေါင်းတို့ခင်ဗျား ဆောင်းပါးဝတ္ထု သတင်း၊ ကဗျာ တို့ကို အပျင်းပြေဖတ်ရုံလောက်သဘောမထားသင့်ပါ။ ဖတ်ပြီးရင် တွေးပါ။ စာတစ်ပုဒ်ကို အပျင်းပြေဖတ်ရုံနဲ့တိုင်းပြည်မတိုးတက်ပါ။ ဖတ်ပြီးတွေးမှသာ တိုင်းပြည်တိုင်းတက်မည်ဟု ကျွန်တော်ကယုံကြည် ပါ၏။ ယုံကြည်ချက်နှင့်အညီ ဤဆောင်းပါးကိုတင်ဆက်လိုက်ပါ ကြောင်း ။ ။

***

## ၆။ သတ္တိမရှိသော စာရေးခြင်းနှင့် ဝေဝါးဝါးပုံစံစာရေးခြင်း

## (HOT News, 8 April 2011 ဆောင်းပါးမှ ကောက်နှုတ်ချက်)

သတ္တိမရှိသော မဝံ့မရဲစာရေးဆရာတစ်ယောက်

မြန်မာပြည်မှာ စာရေးဆရာတစ်ယောက်ရှိရာ သူ၏သတ္တိက မဝံ့မရဲသတ္တိပါ။ အဲဒီစာရေးဆရာကတော့ ကျွန်တော်မောင်ထွန်းဝင်းပါ။ လွန်ခဲ့သော ၁၅ နှစ်လောက်က ကျွန်တော်သည် ကျေးလက်ဒေသတို့၌ ဆေးခန်းဖွင့်ရာ ကျေးရွာတွေမှာ ဒေါက်တာရမ်းကုတွေကြောင့် လူနာတွေ အသက်ဆုံးရတာတွေ့ဖူးပါ၏။ ထိုအခါ ကျွန်တော်၏ မရဲတရဲသတ္တိ ဖြင့် ဒေါက်တာရမ်းကုတွေ၏ အန္တရာယ်အကြောင်းကို ကျန်းမာရေး မဂ္ဂဇင်းတို့မှာ ဆောင်းပါးတော်တော်များများရေးလိုက်ပါ၏။မကြာပါ ဘူး။ ကျွန်တော့်ကို ဆဲတဲ့စာတွေ အယ်ဒီတာချုပ်ထံရောက်လာကြ ပါသည်။ သို့နှင့် ကျွန်တော်လည်း

နည်းနည်းအမြီးကုတ်သွားပါတယ်။ ဒီတော့ ကျွန်တော် ဟာ ဟောင်တုန်းကဟောင်ပြီး တစ်ဖက်ကပြန်လည်မာန်ဖီကိုက်ကြရမယ့် အချိန်ရောက်တော့ ကျွန်တော်ကရှောင်သွားတဲ့သဘောဖြစ်ရာ သတ္တိ နည်းရာကျပါ၏။ ဒေါက်တာရမ်းကုတွေ၏ မကောင်းကြောင်းကိုလည်း တော်တော်နဲ့မရေးဖြစ်ပြန်ပါ။ သတ္တိနည်းတဲ့ ကျွန်တော်က သတ္တိဆိုပြီး ဆောင်းပါးရေးပြန်တော့ ကျွန်တော့်ကိုယ်ကျွန်တော် သတ္တိကောင်းအောင် ပြုပြင်ရန်တာဝန်ရှိပါမည်။ တစ်ဖန်သတ္တိအကြောင်း ဥပမာစာဖွဲ့ရသော် ဒီလိုပါ။

ကမ္ဘာပေါ်၌ INGO တို့တွင် အကြံပေးအရာရှိချုပ် Cheif Technical Advisor အဆင့်ရှိ သစ်တောပညာရှင်နိုင်ငံခြားသား များရှိပါ၏။ သူတို့မှာ ကမ္ဘာမြေကြီးကို ဂြိုလ်တုက ဓာတ်ပုံရိုက်ထားရာ ကမ္ဘာ့ဘယ်နေရာမှာ ဘယ်နိုင်ငံမှာ သစ်တောတွေပြုန်းတီးနေတယ် ဆိုတာ သူတို့သိတယ်။ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ တစ်စက္ကန့် တစ်မိနစ်ဆိုရင် သစ်တောဧရိယာဘယ်လောက်ပြုန်းတီးနေလဲဆိုတဲ့ သတင်းအရင်းအမြစ်ကိုသူတို့ရေးနိုင်ပါတယ်။ ဒါပေမဲ့ အဲဒါတွေက ဝေဝါးဝါးနိုင်လွန်းတယ်။ တကယ်သတ္တိရှိရင် ယခုကျွန်ုပ်ရောက်နေသော ဘယ်နိုင်ငံ၊ ဘယ်ပြည်နယ်၊ ဘယ်ခရိုင်၊ ဘယ်မြို့နယ်မှာ ဘယ်ရွာနဲ့ အနီးဘယ်နှစ်မိုင်အကွာမှာ သစ်ခွဲတဲ့လွှစင်ထောင်ပြီး "တရားမဝင် သစ်ခိုးခုတ်နေပါတယ်"ဆိုပြီး သတင်းပေးရင် ပိုမကောင်းလား။ တစ်နှစ် မှာ ကမ္ဘာပေါ်မှာ သစ်တောဧရိယာရာနှုန်း (၁၄)ရာနှုန်းစသဖြင့်သစ်တော ပြုန်းတီးမှုကို သတင်းပေးရုံနဲ့တော့ သက်ဆိုင်ရာသစ်တောဌာနတွေက ဘယ်လိုအရေးယူမလဲ။ ကမ္ဘာပေါ်မှာ အလွန်ကြီးမားသော အမေဇုန် သစ်တောကို ကာကွယ်ရန်တာဝန်ရှိသော သူတို့နိုင်ငံက သစ်တောဌာန ဆိုလျှင် လူတစ်ဖက်မကတဲ့ သစ်လုံးကြီးတွေကို ကားပေါ်တင်သွား တာမမြင်လိုက်လောက်အောင် မျက်စိအားနည်းနေပါတယ်လို့ အထင်ခံရ နေချိန်မှာ မျက်စိအားနည်းသူကို မှုန်ဝါးဝါးဖြစ်အောင် သွားလုပ်တော့ အကန်းလိုဖြစ်သွားတော့မှာပေါ့။

အဲဒီတော့ မှုန်ဝါးဝါးဖြစ်အောင် စာရေးသလိုဖြစ်ပါတော့ တယ်ဟု ဆိုချင်ပါကြောင်း။